# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## e-NEWSLETTER

VOL.5, N0.4

April 2026


## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဂုဏ်ပြုအခမ်းအနားကျင်းပခြင်း





### မတ်လ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ၂၃-၃-၂၀၂၆ ရက်နေ့၊ ၁၀:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂-၃-၂၀၂၆ ရက်နေ့အမိန့်ကြော်ငြာစာ အမှတ် ၄၄/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ်၊ သီရိပျံချီဘွဲ့ ချီးမြှင့်ခြင်းခံရသည့် ကော်မရှင်ဥက္ကဋ္ဌ၊ အထူးစွမ်းဆောင်ရည်ဆု ရရှိသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ၂၀၂၅ ခုနှစ် စီမံထူးချွန်တံဆိပ်(ပထမအဆင့်) ချီးမြှင့်ခံရသည့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဘုန်းကြွယ် နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်ခံ ရသည့် အရာထမ်း(၂)ဦးနှင့် အမှုထမ်း(၆) ဦးတို့အား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ခြင်း၊ လုပ်ငန်း စွမ်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်ဆုရရှိသည့် ကော်မရှင်ရုံးအရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုပွဲ အခမ်းအနား ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

စာ ၂



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုံးမိသားစု၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင် လှူဒါန်းခြင်း

စာ ၃



အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်

စာ ၄



ကော်မရှင်မှ မေတ္တာအေးရိပ်မြုလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ လှည်းကူးခရိုင်တရားရုံးအချုပ် ခန်း၊လှည်းကူးမြို့နယ်တရားရုံးအချုပ်ခန်းနှင့် လှည်းကူးမြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှု စစ်ဆေးခြင်း

စာ ၅



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း ခြေလျင်တပ်ခွဲမှူးသင်တန်းများသို့ လူ့အခွင့် အရေးဆိုင်ရာ သင်ခန်းစာပို့ချ

စာ ၈



တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

အခမ်းအနား အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ၂၀၂၆ ခုနှစ်၊ သီရိပျံချီဘွဲ့ရရှိသည့် ကော်မရှင်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးပေါ်လွင်စိန်အား ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့က ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းလွှာကိုပေးအပ်ပါသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အထူးစွမ်းဆောင်ရည်ဆုရရှိသည့် ကော်မရှင် အဖွဲ့ဝင်များအားလည်းကောင်း၊ နိုင်ငံတော်ယာယီသမ္မတက ချီးမြှင့်သည့် ၂၀၂၅ ခုနှစ်၊ စီမံထူးချွန်တံဆိပ်(ပထမအဆင့်) ရရှိသည့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဘုန်းကြွယ်အားလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်ခံရသည့် အရာထမ်း(၂)ဦးနှင့် အမှုထမ်း(၆) ဦးတို့အားလည်းကောင်း ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များထပ်ဆင့်ပေးအပ်ပါသည်။ ဆက်လက်၍ လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ကော်မရှင်ရုံးအရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ၁၂:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။




## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမိသားစု၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းခြင်း



မတ်လ ၂ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှကော်မရှင်ဥက္ကဋ္ဌဦးပေါ်လွင်စိန်သည် ၂-၃-၂၀၂၆ရက်နေ့၊ နေပြည်တော်တွင် ကျင်းပသည့် ၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာ မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရဝုဏ်အတွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမိသားစုမှ လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ လောင်းလှူခဲ့ပါသည်။

## (၈၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခြင်း



မတ်လ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့သည် ၂၆-၃-၂၀၂၆ ရက်နေ့တွင် ၂၀၂၆ ခုနှစ်၊ (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနား၊ ဂုဏ်ပြုသဘင်အခမ်းအနားကိုလည်းကောင်း၊ ၂၇-၃-၂၀၂၆ ရက်နေ့တွင် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကိုလည်းကောင်း တက်ရောက်ခဲ့ပါသည်။

## အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်







မတ်လ ၅ ရက်

နိုင်ငံတော်သည် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း NSPAW Phase II (၂၀၂၃-၂၀၃၂) ကို ဆောင်ရွက် လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်း၏ အမျိုးသမီးအခွင့်အရေးနှင့် လူ့အခွင့်အရေးကဏ္ဍရှိ လုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကြိုဆိုသည့် အနေဖြင့် လည်းကောင်း အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး (ရန်ကုန်) ၌ ၅-၃-၂၀၂၆ ရက်နေ့၊ ၀၉:၃၀ နာရီ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါဖွင့်ပွဲအခမ်းအနား သို့ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ လုပ်ငန်းကော်မတီဝင်များ စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



မတ်လ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ကို ၂၄-၃-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

မတ်လ ၆ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၆) ကို ၆-၃-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ



အလှည့်ကျကော်မတီဝင်များဖြစ်ကြသည့် ဒေါက်တာ သန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ညွန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မေတ္တာအေးရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ လှည်းကူးခရိုင်တရားရုံးအချုပ်ခန်း၊ လှည်းကူးမြို့နယ်တရားရုံးအချုပ်ခန်းနှင့် လှည်းကူးမြို့မရဲစခန်း အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



မတ်လ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာ သန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၁၉-၃-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ မေတ္တာအေးရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွင်းလက်ခံစောင့်ရှောက်၍ပညာသင်ကြားပေးလျက်ရှိသောကလေးများအားဂေဟာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကလေးများအား လက်ခံ ဆောင်ရွက်ပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ အိပ်ဆောင်များတွင် ကလေးများ ထားရှိမှု၊ အတန်းပညာသင်ကြားပေးမှု၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးမှု၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ အားကစားလှုပ်ရှားဆောင်ရွက်နိုင်မှု၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် လှည်းကူးခရိုင်တရားရုံးအချုပ်ခန်း၊ လှည်းကူးမြို့နယ်တရားရုံးအချုပ်ခန်းနှင့် လှည်းကူးမြို့မရဲစခန်းအချုပ်ခန်းတို့အား သွားရောက်၍ရီမန်ကာလ အခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိမရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု အခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု အခြေအနေ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီးအချုပ်သား/အချုပ်သူများနှင့်တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ






မတ်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၃၂၊ ၁၃၃) တို့သို့ ၁၈-၃-၂၀၂၆ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့်ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် စုစုပေါင်း သင်တန်းသားအရာရှိ ၁၉၁ ဦး တက်ရောက်ခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း ခြေလျင်တပ်ခွဲမှူးသင်တန်းများသို့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ





မတ်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန် အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၁၈-၃-၂၀၂၆ ရက်နေ့၌ ကာကွယ်ရေး ဝန်ကြီးဌာန၊

တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဘုရင့်နောင်) တွင် သင်တန်းသားအရာရှိ ၂၀၀ ဦးဖြင့် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၁၅၊ ၁၁၆) တို့သို့၀၇:၄၀နာရီမှ၁၀:၄၀နာရီအချိန်အထိလည်းကောင်း၊ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် သင်တန်းသားအရာရှိ ၉၄ ဦးဖြင့် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၃၁) သို့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိလည်းကောင်း ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့ အခွင့် အရေး ကော်မရှင်ဖွဲ့ စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များစသည့် ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပဲခူးအချုပ်ထောင်နှင့် ပဲခူးမြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



မတ်လ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့် အညီ ၂၀-၃-၂၀၂၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်ရှိ ပဲခူးအချုပ်ထောင်နှင့် ပဲခူးမြို့မရဲစခန်းအချုပ်ခန်းတို့အား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပဲခူးအချုပ်ထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား များကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေ၊ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေပေးဝေမှု အခြေအနေနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာ ရရှိစေ ရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့် ညှိ့တွေ့ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝ တ် ပြု ကိုး ကွ ယ် နိုင် ခွ င့် နှ င့် ရ မ် ဇာ န် ဥ ပု သ် ကာ လ အစ္စလာမ်ဘာသာဝင် (၁၁) ဦးတို့၏ ဝတ်ပြုကိုးကွယ်နေမှု၊ အစားအသောက်စီစဉ်ပေးမှုအခြေအနေ၊ စာမတတ်သူ အကျဉ်းသား/သူ၊ အချုပ်သား/သူများ အတွက် အခြေခံအရေး၊ အဖတ်၊ အတွက် ပညာသင်ကြားပေးနေမှုအခြေအနေ၊ အကျဉ်းသား၊ အချုပ်သားများအား အချုပ်ထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသား၊ အချုပ်သားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ၊ ညှိ့တွေ့ လာရောက်ကြသည့် အကျဉ်းသား/ အချုပ်သားမိသားစုဝင်တို့ ညှိ့တွေ့ရာတွင် အဆင်ပြေမှု ရှိ မရှိ၊ အကျဉ်းသား/အချုပ်သား ထောင်ဝင်စာပစ္စည်းနှင့် စားသောက်ဖွယ်ရာများပေးပို့ရာတွင် အဆင်ပြေမှု ရှိ/ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အချုပ်သား (၁၀) ဦးကို တစ်ဦးချင်း လက်ခံတွေ့ဆုံ၍လည်းကောင်း၊ ညှိ့တွေ့ရန်လာရောက်သည့် မိသားစု (၁၂) ဦးတို့ကို တွေ့ဆုံပြီး အဆင်ပြေမှု ရှိ မရှိ မေးမြန်းကာ တင်ပြချက်များကို မှတ်တမ်းတင်ခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေ/ ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ/မရှိနှင့် ထောင်ဝင်စာ တွေ့ဆုံနေမှု အ ခြေ အ နေ ၊ အ ကျ ဉ်း သား / သူ ၊ အ ချု ပ် သား / သူ တို့ နေ့လယ်စာ သုံးဆောင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယခင်စစ်ဆေးစဉ်က တွေ့ရှိချက်

အပေါ် အကြံပြုချက်များကို ဆောင်ရွက်ပြီးစီးမှုများကို လည်း ကြည့်ရှုစစ်ဆေးခဲ့ပြီး အချုပ်သားများ ဖတ်ရှု လေ့လာနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ် စာပေ အုပ်ရေ (၅၀) အုပ်ကို ကော်မရှင်မှ ပေးအပ်လှူဒါန်းခဲ့ ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပဲခူးမြို့မရဲစခန်း အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေ အနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ်နှင့် အမှုစစ်ဆေး စဉ်ကာလအတွင်း ညှဉ်းပန်း နှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစု နှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေး စီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများ အတွင်း သန့်ရှင်းမှု ရှိမရှိနှင့် တရားရုံးထုတ်စဉ် မိသားစုဝင် များ အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေ အနေတို့အား အချုပ်သား/ အချုပ်သူ များနှင့် တွေ့ဆုံ မေးမြန်းပြီး အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ် ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော် သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ပါ သည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဘုရားငါးဆူကုန်ထုတ်အကျဉ်း စခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း



မတ်လ ၁၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှု စစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၁၈-၃-၂၀၂၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိ ဘုရားငါးဆူ ကုန်ထုတ်အကျဉ်းစခန်းနှင့် သာစည်မြို့မရဲစခန်းအချုပ် ခန်းသို့လည်းကောင်း၊ ၁၉-၃-၂၀၂၆ ရက်နေ့တွင် မိတ္ထီလာ မြို့ နယ်ရှိ မိတ္ထီလာမြို့မရဲစခန်းအချုပ်ခန်း၊ အမှတ် (၂) နယ်မြေရဲစခန်းအချုပ်ခန်းနှင့် မိတ္ထီလာဘိုးဘွား ရိပ်သာ သို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဘုရားငါးဆူကုန် ထုတ်အကျဉ်းစခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင် တွင် စုစည်းတွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက် ပေးနေမှုအခြေအနေ၊ မိသားစု လာရောက် တွေ့ဆုံနိုင် မှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ ထောင်ဝင်စာပစ္စည်းများစုံလင်စွာရရှိမှုအခြေအနေ၊ရသင့် ရထိုက်သောအသုံးအဆောင်ပစ္စည်းများရရှိမှုအခြေ အနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှုအခြေအနေ၊လုပ်ငန်းခွင် အတွင်း ဘေး အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အချိန်ပိုအလုပ်ဆင်းစေမှု ရှိ မရှိ၊ လုပ်ငန်းခွင် အတွင်း ခွဲခြားဆက်ဆံမှု ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းကာ အကျဉ်းသား များ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖို ကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေ/ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ နှင့် ထောင်ဝင်စာတွေ့ဆုံသည့်နေရာတို့ ကို လှည့်လည်ကြည့်ရှုစစ်ဆေးလျက် ယခင်အကြံပြုချက် များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်း လိုက်လံ စစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှု နိုင်ရန် အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင် မှ ပေးအပ်လှူဒါန်းခဲ့ပါသည်။

မိတ္ထီလာဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက် ရှိသော ဘိုးဘွား များအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရပြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင် များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ ကျန်းမာ ရေးနှင့် ညီညွတ်အောင်ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွား

များအနားယူအပန်းဖြေရန်စီစဉ်ဆောင်ရွက်ပေးထားမှု၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ အသက် (၈၅) နှစ်ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်လစာထုတ်ယူရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

သာစည်မြို့မရဲစခန်းအချုပ်ခန်း၊ မိတ္ထီလာမြို့မ ရဲစခန်းအချုပ်ခန်းနှင့် အမှတ် (၂) နယ်မြေ ရဲစခန်း အချုပ်ခန်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးစဉ် အချုပ်သားများအား ချုပ်မိန့်မရှိဘဲ ၂၄ နာရီ ကျော်လွန်ချုပ်နှောင်မှု ရှိ မရှိ၊ အချုပ်သားများ၏ ရီမန်ကာလအခြေအနေ၊ အချုပ်သားများထံမှ သိမ်းဆည်းထားသော ပစ္စည်းများကို စနစ်တကျသိမ်းဆည်းထားခြင်းရှိ မရှိ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေ၊ အချုပ်ခန်းများအတွင်း မိလ္လာသုံးစွဲမှုနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့ကို အချုပ်သားတစ်ဦးချင်းအား တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများ၏ သန့်ရှင်းမှု၊ အလင်းရောင်ရရှိမှုနှင့် လေဝင်လေထွက်ကောင်းမွန်မှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



မတ်လ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ် ( ၃/၂၀၂၆ ) အခမ်းအနားကို ၃၀-၃-၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေး နှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေး ခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ( ၈၃ ) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၃:၅၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



မတ်လ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်လုပ်ငန်းများအစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူ

ဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းသည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၂) သို့ ၁၇-၃-၂၀၂၆ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေး အခြေခံ အယူအဆများ အကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး) သင်တန်း အမှတ်စဉ် (၂) ၌ စုစုပေါင်း သင်တန်းသားဦးရေ (၄၉) ဦး တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ရုပ်ရှင်နှင့် ဇာတ်သဘင်အနုပညာရှင်များသို့ မသန်စွမ်းမှု၊ မသန်စွမ်းသူများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေး



ဖေဖော်ဝါရီလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်က ၂၈-၂-၂၀၂၆ ရက်နေ့၊ ၁၆:၀၀ နာရီအချိန်မှ ၁၈:၀၀နာရီအချိန်ထိအသင်းချုပ်ရုံးခန်းမ (မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း၊ မရမ်းကုန်း) ၌ ကျင်းပပြုလုပ်ခဲ့သည့် မသန်စွမ်းမှု၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအသိပညာပေးဆွေးနွေးပွဲတွင်လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ မျှဝေဆွေးနွေးခဲ့ပါသည်။ အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင်တို့အပါအဝင် ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ - ၁ နှင့် ဒုတိယဥက္ကဋ္ဌ - ၂၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ မသန်စွမ်း သူများဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ ဟာသပညာရှင်အစည်းအရုံးနှင့် အောင်ဇမ္ဗူဇာတ်အဖွဲ့တို့မှ တာဝန်ရှိသူများ စုစုပေါင်း ၃၃ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ-၁ ဦးသိန်းဟန်သူက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေးဆိုင်ရာ အခြေခံ အယူအဆများ၊ ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများ၊ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များ၊ မြန်မာနိုင်ငံကပါဝင်လက်မှတ်ရေးထိုးထားသောလူ့အခွင့်အရေးစာချုပ်များပါ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများကို လေးစားလိုက်နာကြရန်နှင့် အနုပညာရှင်များအနေဖြင့် ပြည်သူလူထုသို့ ဖျော်ဖြေတင်ဆက်ရာတွင် မသန်စွမ်းသူများကို ထိခိုက်နစ်နာစေနိုင်သည့်အပြုအမူနှင့် ပြက်လုံးများကို သတိပြုရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၌ သင်ခန်းစာသွားရောက်ပို့ချ





မတ်လ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါပန်းတိုင်၊ရည်မှန်းချက်များနှင့်အညီနှစ်အလိုက် လုပ်ငန်း စီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (ရန်ကုန်) တွင် ဖွင့်လှစ်လျက်ရှိသည့် သတင်းမီဒီယာသင်တန်း အမှတ်စဉ် (၆) သို့ ၁၃-၃-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းနှင့် သတင်းမီဒီယာနှင့် လူ့အခွင့်အရေးဘာသာရပ် သင်ခန်းစာတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၁၂ ဦး စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူ အရာရှိတို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



မတ်လ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်း လမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၆) နှင့် အမှုစစ်အရာရှိ (အထူး) သင်တန်းအမှတ်စဉ် (၆) တို့သို့ ၂၃-၃-၂၀၂၆ ရက်နေ့တွင် ၀၇:၃၀နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေး ဘာသာရပ်သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၅၆ ဦး၊ သင်တန်းသူ ၅၀ ဦး စုစုပေါင်း သင်တန်းသား ၂၀၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ သင်ခန်းစာသွားရောက်ပို့ချ



မတ်လ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီနှစ်အလိုက် လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ (မရမ်းကုန်း) တွင် ဖွင့်လှစ် လျက်ရှိသည့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်သူ (Care Giver) သင်တန်း အမှတ်စဉ် (၁၉) သို့ ၆-၃-၂၀၂၆ ရက်နေ့၊ ၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်သူများသည် ဘိုးဘွားများ၏ ကျန်းမာရေးသာမက ၎င်းတို့၏ လူသားဂုဏ်သိက္ခာကိုပါ စောင့်ရှောက်သူများ ဖြစ်ကြောင်း သိရှိနားလည်စေရန် ရည်ရွယ်၍ လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းနှင့် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၂ ဦး၊ သင်တန်းသူ ၈ ဦး၊ စုစုပေါင်း ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူအရာရှိက ပြန်လည် ဖြေကြားခဲ့ပါသည်။

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာသွားရောက်ပို့ချ

မတ်လ ၁၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော လက်ထောက်စုံစမ်းရေးမှူး လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁၀) သို့ ၁၂-၃-၂၀၂၆ ရက်နေ့တွင် ၀၇:၃၀ နာရီအချိန်မှ ၁၁:၃၀ နာရီအချိန်အထိ လူ့အခွင့်အရေး စံတန်ဖိုးများ ဘာသာရပ်သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၃၆ ဦး၊ သင်တန်းသူ ၇ ဦး စုစုပေါင်း သင်တန်းသား ၄၃ ဦး တက်

ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ)၌ သင်ခန်းစာ သွားရောက်ပို့ချ



မတ်လ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည်ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီနှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁)/ ဒုတိယဦးစီးမှူးများအား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ် (၁/ ၂၀၂၆) သို့ ၁၇-၃-၂၀၂၆ ရက် နေ့တွင် ၁၀:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၅၁ ဦး၊ သင်တန်းသူ ၅၉ ဦး စုစုပေါင်း သင်တန်းသား ၁၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကိုမေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း (မရမ်းကုန်း) ၌ သင်ခန်းစာသွားရောက်ပို့ချ



မတ်လ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့် အညီနှစ်အလိုက် လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း (မရမ်းကုန်း) တွင်ဖွင့်လှစ်လျက်ရှိသည့် "သက်ကြီးရွယ်အိုများပြုစုစောင့်ရှောက်သူသင်တန်း" သို့ ၁၈-၃-၂၀၂၆ ရက်နေ့၊ ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်သူများသည် ဘိုးဘွားများ၏ ကျန်းမာရေးသာမက ၎င်းတို့၏ လူသားဂုဏ်သိက္ခာကိုပါ စောင့်ရှောက်သူများဖြစ်ကြောင်း သိရှိနားလည်စေရန်ရည်ရွယ်၍ လူ့အခွင့်အရေးအခြေခံ အယူအဆများ အကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ

အကြောင်း နှင့် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၆ ဦး၊ သင်တန်းသူ ၁၂ ဦး၊ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများရောင်းချပေးခြင်း




မတ်လ ၂၆ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၉-၃-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီတစ်ပိဿာလျှင် (၇,၇၆၅/-) ကျပ်နှုန်းဖြင့် (၂၅၇.၅) ပိဿာအားလည်းကောင်း၊ ၂၆-၃-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၄၀) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၃၅၀၀၀/- ကျပ်နှုန်း ၊ ညော့မထ (၂၃) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၂၅၀၀၀/- ကျပ်နှုန်းဖြင့် လည်းကောင်း ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဝယ်ယူဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများ ဆောင်ရွက်ခြင်း



မတ်လ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိ ပါသည်။

e-Newsletter, Vol. 5, No. 4, April 2026

## တိုင်ကြားချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း တိုင်ကြားချက် (၅၂) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၅) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၅) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး၊ တိုင်ကြားချက် (၂၂) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် တိုင်ကြားစာ (၂၀) စောင်ရှိပါသည်။

## မျှတ၊လေးစား၊တန်ဖိုးထား လူ့အခွင့်အရေး စံနှုန်းများ

**မြသက်နှင်း (ဂျင်းမီ)**

ယနေ့ကမ္ဘာပေါ်တွင် လူသားသန်းပေါင်းများစွာ အသက်ရှင်နေထိုင်လျက်ရှိနေရာ နေရာဒေသအလိုက် လူမျိုး၊ အသားအရောင်၊ ကိုးကွယ်ရာဘာသာ၊ ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စသည်တို့သာမက တစ်ဦးချင်းစီ၏စိတ်နေသဘောထား၊ အတွေးအမြင်၊ ဆုံးဖြတ်ချက်၊ နှစ်သက်ရာ စသည့် မတူညီကွဲပြားမှုများရှိနေကို တွေ့မြင်ကြမည် ဖြစ်သည်။ ထိုကဲ့သို့ မတူကွဲပြားမှု များအကြား လူသားဖြစ်ခြင်းသည် တူညီသော အကြောင်းအချင်းရာ တစ်ခုအဖြစ်တည်ရှိနေသည်။

လူသားဖြစ်ခြင်းကြောင့် မွေးဖွားလာချိန် ကတည်းက သဘာဝအရ ရရှိထားသော အခြေခံ အခွင့်အရေးများ ရှိကြပါသည်။ ၎င်းတို့သည် ဥပဒေများ၊ စည်းမျဉ်းများဖြင့် အကာအကွယ်ပေးထားသော လွတ်လပ်မှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုတို့အပြင် ပညာသင်ယူခွင့်၊ အလုပ်လုပ်ကိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် တို့လည်း ပါဝင်ပါသည်။ သို့သော် အခွင့်အရေးရှိရုံနှင့် မပြည့်စုံပါ။ အမှန်တကယ်အရေးပါသည်မှာ "ထိုအခွင့်အရေးများကို လက်တွေ့တွင် မည်မျှအထိ ရယူခံစားနေပါသလဲ" ဆိုသည့် အချက်ပင်ဖြစ်ပါသည်။

**သမိုင်းတစ်လျှောက် အခွင့်အရေးတောင်းဆိုမှုများ**

လူသားအခွင့်အရေး ရရှိရေးအတွက် ရုန်းကန်မှုသမိုင်းသည် လွန်ခဲ့သော ရာစုနှစ်ပေါင်း များစွာကတည်းက စတင်ခဲ့ပြီး၊ ယင်းဖြစ်စဉ်များသည် ယနေ့ခေတ်အခွင့်အရေးများ၏ အုတ်မြစ် ဖြစ်သည်။ ၁၃ ရာစုနှစ်တွင် ဗြိတိန်၌ ပေါ်ထွက်ခဲ့သော Magna Carta (မက်နာကာတာ) သည် ဘုရင်၏အာဏာကို ကန့်သတ်ရန်နှင့် 'လွတ်လပ်သောလူသား' တစ်ဦးကို ဥပဒေအရ ကာကွယ်ပေး ရန် စတင်ထူထောင်ခဲ့သည့် မှတ်တိုင်တစ်ခုဖြစ်သည်။ ၎င်းသည် မည်သူမဆို ဥပဒေ၏ အကာအကွယ်ကို ရပိုင်ခွင့်ရှိသည်ဟူသော သဘောတရား၏ ပထမခြေလှမ်းအဖြစ် အစောဆုံး အုတ်မြစ်ဖြစ်ခဲ့သည်။

ဉာဏ်အလင်းပွင့်ခေတ်နှင့် နိုင်ငံတော်ပြောင်းလဲမှု ဟုယူဆရသည့်နှစ်တွင် တွေးခေါ်ရှင်များ ဖြစ်ကြသော ဂျွန်လော့ခ် (John Locke) နှင့် ရူးဆိုး (Rousseau) တို့က လူတိုင်းတွင် သဘာဝအခွင့်အရေးများ (အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်၊ ပိုင်ဆိုင်ခွင့်) ရှိသည်ဟု အခိုင်အမာ တင်ပြခဲ့ကြသည်။ ဤအတွေးအခေါ်များက ၁၇၇၆ ခုနှစ်၏ အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်းနှင့် ၁၇၈၉ ခုနှစ်၏ပြင်သစ် လူ့အခွင့်အရေးကြေညာစာတမ်း တို့ကို မွေးဖွားစေခဲ့ပြီး၊ အခွင့်အရေးများကို နိုင်ငံသားနှင့် နိုင်ငံတော်ကြား စာချုပ်အဖြစ် တရားဝင်ပြဋ္ဌာန်းခဲ့သည်။ ၁၉ နှင့် ၂၀ ရာစုအစောပိုင်းကာလများတွင် ဥပဒေရေးရာအခွင့်အရေးများ ရှိနေသော်လည်း လက်တွေ့တွင် ကွဲပြားနေသောကြောင့် တက်ကြွလှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။

အမေရိကန်ပြည်ထောင်စုတွင်ကျေးကျွန်စနစ်ကို ဖျက်သိမ်းရန် တောင်းဆိုမှုများ ပြင်းထန် ခဲ့ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းဖြင့် လူသားတစ်ဦး၏ အခွင့်အရေးကို အသားအရောင် ခွဲခြားမှုမရှိဘဲ အသိအမှတ်ပြုလာခဲ့သည်။ ၁၉ ရာစုနှောင်း

ပိုင်းမှ ၂၀ ရာစု အစောပိုင်းအထိ အမျိုး သမီးများ၏ နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များ (မဲပေးခွင့်) ကို ရယူရန် တောင်းဆိုခဲ့ပြီး၊ ၎င်းသည် နိုင်ငံရေးအခွင့်အရေးကို လူအချို့မှ လူအားလုံးသို့ တိုးချဲ့ပေးခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အပြီးတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများမှ သင်ခန်းစာယူကာ ကမ္ဘာ့နိုင်ငံများက စုစည်းပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ၎င်းသည်နိုင်ငံသား၊ လူမျိုး၊ ဘာသာ၊ ကျား/မ ခွဲခြားမှုမရှိဘဲ လူသားအားလုံး ရယူခံစားခွင့်ရှိသော အခြေခံအခွင့်အရေး ၃၀ ကို ၁၉၄၈ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းအဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် မာတင်လူသာ ကင်း ဂျူနီယာ (Martin Luther King Jr.) ကဲ့သို့သော ခေါင်းဆောင်များ ဦးဆောင်သည့် လူမည်းအခွင့်အရေးလှုပ်ရှားမှု (Civil Rights Movement) သည် ဥပဒေအရသာမက လက်တွေ့တွင်ပါ တန်းတူအခွင့်အရေးရရှိရန် အမေရိကန်တွင် အောင်ပွဲခံခဲ့သည်။ ဤလှုပ်ရှားမှုသည် အခွင့်အရေးကို စာရွက်ပေါ်မှ လက်တွေ့ ဘဝသို့ ပုံဖော်ပေးသည့် နည်းလမ်းကို ပြသခဲ့သော အရေးကြီးသော သာဓကဖြစ်သည်။ ဤသမိုင်းဝင်ဖြစ်ရပ်များသည် အခွင့်အရေးများကို ဥပဒေဖြင့် ကာကွယ်ရုံသာမက တောင်းဆိုခြင်း၊ စည်းလုံးခြင်းနှင့် တက်ကြွစွာ လှုပ်ရှားခြင်းတို့ဖြင့်လည်း ရယူနိုင်ကြောင်း သက်သေပြခဲ့ပါသည်။

**မျက်မှောက်ခေတ် စိန်ခေါ်မှုများနှင့် ကမ္ဘာ့ပဋိပက္ခများ**

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ထွက်ပေါ်ပြီးနောက် နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့သော်လည်း၊ ယနေ့ခေတ်တွင် အခွင့်အရေးအတွက် ရုန်းကန်မှုသည် ပြီးဆုံးခြင်းမရှိသေးပေ။ လတ်တလော ဖြစ်ပေါ်နေသော ကမ္ဘာ့နိုင်ငံများ၏ အခြေအနေများသည် အခြေခံ လူ့အခွင့်အရေး များအား ပြင်းထန်စွာ စိန်ခေါ်လျက်ရှိသည်။

**ပဋိပက္ခဒဏ်ခံစားရမှု:** အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများ၊ စစ်ပွဲများနှင့် ဒေသတွင်းတင်းမာ မှုများသည် အသက်ရှင်ခွင့်၊ လုံခြုံခွင့်နှင့် စစ်ပွဲဒဏ်မှ ကင်းဝေးခွင့်ကဲ့သို့သော အခြေခံ အခွင့်အရေး များကို နေ့စဉ်နှင့်အမျှ စိန်ခေါ်နေသည်။ ဥပမာအားဖြင့်၊ ပဋိပက္ခဒေသများတွင် အပြစ်မဲ့ ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံများကို ဖျက်ဆီးခြင်းနှင့် အစားအစာ၊ သောက်သုံးရေကဲ့သို့သော အခြေခံလိုအပ်ချက်များ ဖြတ်တောက်ခံရခြင်းများသည် အခြေခံ လူ့အခွင့်အရေး၏ အဆိုးရွားဆုံး ချိုးဖောက်မှုများဖြစ်သည်။ ထို့ပြင် ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော နေထိုင်ခွင့်၊ ခိုလှုံခွင့်နှင့် ရပိုင်ခွင့်များ ဆုံးရှုံးနေမှုတို့သည် လူ့အခွင့်အရေး စံနှုန်းများအပေါ် ဖိအားပေးလျက်ရှိသည်။

**မြန်မာ့သမိုင်းဖြစ်စဉ်များနှင့် လူ့အခွင့်အရေး**

မြန်မာနိုင်ငံတွင် အခွင့်အရေးအတွက် ရုန်းကန်မှုသည် နိုင်ငံရေးဖြစ်စဉ်များနှင့် အမြဲတစေ ဆက်စပ်နေခဲ့သည်။ဗြိတိသျှကိုလိုနီခေတ်တစ်လျှောက်တွင် မြန်မာပြည်သူများသည် နိုင်ငံရေးအရ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်သာမက၊ စီးပွားရေးအရ အမြတ်ထုတ်ခံရခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ ဖိနှိပ်ခံရခြင်းနှင့် မြေယာပိုင်ဆိုင်ခွင့်များ ဆုံးရှုံးခံရခြင်းတို့ကြောင့် အခြေခံလူသားအခွင့်အရေးများစွာ ဆုံးရှုံးခဲ့ရသည်။ ဤအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် မြန်မာမျိုးချစ်ခေါင်းဆောင်များသည် နိုင်ငံရေးနှင့် လူမှုရေးအခွင့်အရေးများပြန်လည်ရရှိရန်အတွက်ထင်ရှားသော လှုပ်ရှားမှုများကို စတင်ခဲ့ကြသည်။ အထူးသဖြင့် ၁၉၂၀ ပြည့်နှစ်မှစတင်သော အမျိုးသားကျောင်းများ တည်ထောင်ခြင်းနှင့် ကျောင်းသားသပိတ်များ၊ တို့ဗမာအစည်းအရုံး၏ လွတ်လပ်ရေး ကြိုးပမ်းမှုများသည် ကိုလိုနီအုပ်ချုပ်မှုအောက်တွင် ပျောက်ဆုံးခဲ့ရသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဂုဏ်သိက္ခာကို ပြန်လည်တောင်းဆိုခြင်းပင် ဖြစ်သည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေး ရယူနိုင်ခဲ့ခြင်းသည် နိုင်ငံသားအားလုံး၏ အချုပ်အခြာ အာဏာပိုင်ခွင့် (Self-Determination) ကို တရားဝင်ပြန်လည်ရယူနိုင်ခဲ့သည့် အခွင့်အရေးရရှိရေး၏ အမြင့်ဆုံးပန်းတိုင်တစ်ခုဖြစ်ခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရပြီးများမကြာမီ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ပြုလုပ်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ

စာတမ်းအတည်ပြုထုတ်ပြန်ရေးအဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံ အနေဖြင့် ထောက်ခံမဲပေးခဲ့သည်။ မဲခွဲဆုံးဖြတ်မှုရလဒ်အရ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့ရာထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့် အရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ပြုလုပ်ကျင်းပကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ အသိုက်အဝန်းနှင့်အတူ ပါဝင်ဆောင်ရွက်လျက် ရှိသည်။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကို တန်ဖိုးထားလေးစားပြီး ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့် အညီ တစိုက်မတ်မတ် ပါဝင်ဆောင်ရွက် လျက်ရှိပြီး ဗြဟ္မစိုရ်တရားလက်ကိုင်ထားသော နိုင်ငံဖြစ်သည့် အပြင် တစ်ဦးအပေါ်တစ်ဦး မေတ္တာထားပြီး ရိုင်းပင်းကူညီလေ့ရှိသည့် ဓလေ့စရိုက်အစဉ်အလာများရှိသည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်၊ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များနှင့် ဆက်စပ်သည့် နောက်ဆက်တွဲ သဘောတူစာချုပ် အချို့တွင်လည်း ပါဝင်ချုပ်ဆိုခဲ့ကာ စာချုပ်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၁) ပါ ဖော်ပြချက်တွင် “လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူ ရှိကြသည်” ဟူသည့် တန်ဖိုးထားလေးစားလိုက်နာရမည့် အချက်ဖြစ်သည်။ တန်းတူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေးတို့သည် လူ့အခွင့်အရေး၏ အခြေခံအကျဆုံးသော အနှစ်သာရများဖြစ်သည့်အတွက် ကဏ္ဍအသီးသီးတွင် မညီမျှမှုများနှင့် ခွဲခြားဆက်ဆံမှုများ မရှိစေရေးကို ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူပြည်သားများ၏ လူ့အခွင့်အရေးများ တန်းတူခံစားရရှိနိုင်ရေးနှင့် မညီမျှမှုများလျော့ကျစေရေးတို့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပါအဝင် အဖွဲ့အစည်းအသီးသီးတို့နှင့်အတူ ချိတ်ဆက် ပူးပေါင်း၍ အားထုတ်ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးအခြေအနေများ ဟန်ချက်ညီညီ မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူ ပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သတင်းမီဒီယာ အဖွဲ့အစည်းများအားလုံး ပါဝင်ဆောင်ရွက်ကြကာ တန်းတူညီမျှမှုရှိရေး၊ အားလုံးပါဝင်နိုင်ရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေးစသည့် လူ့အခွင့်အရေး စံနှုန်းများကို လေးစားလိုက်နာကျင့်သုံးဆောင်ရွက်ကြပါရန် အရေးကြီးပါသည်။

**အခွင့်အရေး၏ အရေးပါမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်း**

အခွင့်အရေးကို တောင်းဆိုခြင်းသည် မိမိဘဝ၏ တန်ဖိုးကို မြှင့်တင်ပေးရုံသာမကဘဲ၊ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ဒီမိုကရေစီ တာဝန်ခံမှုကိုပါ မြှင့်တင်ပေးသည်။ နိုင်ငံသားတစ်ဦးချင်းစီက ၎င်းတို့၏ ရပိုင်ခွင့်များကို တက်ကြွစွာ စောင့်ကြည့်တောင်းဆိုမှသာလျှင် အစိုးရနှင့် အဖွဲ့အစည်းများသည် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရန် ဖိအားဖြစ်စေမည် ဖြစ်သည်။

ဤသို့သောအခြေအနေမျိုးတွင် ကိုယ်ပိုင် ဆုံးဖြတ်နိုင်စွမ်းသည် အဓိကသော့ချက်ဖြစ်သည်။ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းဆိုသည်မှာ မိမိကိုယ်တိုင် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခြင်း၊ ရွေးချယ်နိုင် ခြင်းနှင့် မိမိဘဝကို ဦးဆောင်နိုင်ခြင်းဖြစ်သည်။ အောက်ပါ နယ်ပယ်များတွင် အထူးထင်ရှားသည်။

**လူမှု/နိုင်ငံရေးနယ်ပယ်**

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်း၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခြင်းနှင့် အများပြည်သူဆိုင်ရာ မူဝါဒချမှတ်မှုများတွင် ပါဝင်ပတ်သက်ခြင်းတို့သည် ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းကို ဖော်ပြခြင်းဖြစ်သည်။

**စီးပွားရေးနယ်ပယ်**

မျှတသော အခကြေးငွေတောင်းဆိုခြင်း၊ လုပ်ငန်းခွင် အခြေအနေများ တိုးတက်စေရန် စုပေါင်းတောင်းဆိုခြင်းနှင့် စီးပွားရေးအခွင့်အလမ်းများကို ရှာဖွေရယူခြင်းတို့ဖြစ်သည်။ အခွင့်အရေးများသည် အလိုအလျောက်ရရှိလာမည်မဟုတ်ပါ။သို့ဖြစ်၍လက်တွေ့ကျကျ ရယူခံစားနိုင်ရန် တက်ကြွစွာ လုပ်ဆောင်ရန်လိုအပ်သည်။

**ပညာပေးခြင်းနှင့် လေ့လာခြင်း (Educate Yourself)**

နိုင်ငံတစ်ဦးချင်းစီနှင့်သက်ဆိုင်သော ပြည်တွင်းဥပဒေများ၊ အလုပ်သမားအခွင့်အရေးများ၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ မူဝါဒများကို အမြဲမပြတ်လေ့လာပြီး အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့များမှ ထုတ်ပြန်သည့် သတင်းအချက်အလက်များနှင့် လမ်းညွှန်ချက်များကို အလေးထားဖတ်ရှုမှတ်သား၍အခွင့်အရေးများကို ပုံဖော်နိုင်သည်။

**မှန်ကန်စွာ မှတ်တမ်းတင်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို လျှော့နည်းပပျောက်စေခြင်း (Documentation for Reduce Human Rights Violations):**

လူ့အခွင့်အရေးချိုးဖောက်မှုများကို လျှော့နည်းသွားအောင်လုပ်ဆောင်ရာ၌လက်တွေ့တွင် ပညာပေးရုံသက်သက်ဖြင့် မလုပ်ဆောင်နိုင်ပါ။ ချိုးဖောက်မှုများ လျှော့နည်းလာအောင် အရေးယူမှုများဖြင့် ဆောင်ရွက်သွားနိုင်ရန် လှုံ့ဆော်နိုင်ရမည်ဖြစ်သည်။ ထိုချိုးဖောက်မှုများကို ဖော်ထုတ်ရန် လိုအပ်သကဲ့သို့ အမှန်တရားအတွက် သတင်းအချက်အလက်များ စုဆောင်းရန်မှာ လည်း လိုအပ်ပါသည်။ သို့မှသာ မသိသေးသောသူများကို အသိပေးနိုင်ခြင်းကြောင့် လူမှုအဖွဲ့အစည်း အသိုင်းအဝိုင်းမှပါ သိရှိလာပြီး ထိုကဲ့သို့ လှုံ့ဆော်မှုများမှတစ်ဆင့် အရေးယူမှုများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ပညာပေးမှု (Education)၊ အချက်အလက် စုဆောင်းခြင်း (Monitoring or Documentation) နှင့် စည်းရုံးလှုံ့ဆော်မှု (Advocacy) တို့ကို ဟန်ချက်ညီညီ လုပ်ဆောင်သွားရန်မှာ အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ချိုးဖောက်သူကို အရေးယူဆောင်ရွက်နိုင်ရန်အတွက်ပြဋ္ဌာန်းဥပဒေများဖြင့် ကိုင်တွယ်ဆောင်ရွက်သွားရန် အထူးလိုအပ်သည်။ ထို့အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် မည်သည့်ဥပဒေနှင့် ငြိစွန်းနေသည်၊ မည်သည့်ဥပဒေများကို ကိုင်တွယ်၍ မည်သည့်နေရာတွင် တိုင်ကြားနိုင်သည်အစရှိသည့် လှုံ့ဆော်မှုများကို လုပ်ဆောင် နေရခြင်းဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုအကြောင်းများကို သိရှိပြီး သက်သေအထောက်အထားများ ခိုင်ခိုင်လုံလုံရှိနေသော်လည်း တိုင်ကြားနိုင်မှု ယန္တရားမရှိပါက မည်သို့မှ အရေးယူ ဆောင်ရွက်၍ ရမည်မဟုတ်ပါ။

သို့ဖြစ်ရာ အခွင့်အရေးများ ချိုးဖောက်ခံရသည်ဟု ခံစားရပါကဖြစ်ရပ်များ၊ရက်စွဲများ၊သက်သေအထောက်အထားများနှင့် သက်ဆိုင်သူများကို စနစ်တကျ မှတ်တမ်းတင်ထား၍ ဖြစ်ရပ်ဖြစ်ပွားသည့် နေရာ၊ အချိန်အတိအကျနှင့် ပါဝင်ပတ်သက်သူများ၏အမည်များကို တတ်နိုင်သမျှအသေးစိတ်မှတ်တမ်းတင်ထားရမည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ဆောင်ပုဒ်မှာ "Our Everyday Essentials" ကျွန်ုပ်တို့၏နေ့ရက်တိုင်းမရှိမဖြစ်လိုအပ်သော အခွင့်အရေးများဖြစ်သည်။ နိဂုံးချုပ် အနေဖြင့် အခွင့်အရေးများသည် လူသားတစ်ဦးအနေဖြင့် မွေးရာပါရပိုင်ခွင့်များသာဖြစ်သည်။ သို့သော် ထိုရပိုင်ခွင့်များသည် တောင်းဆိုခြင်း၊ ကာကွယ်ခြင်းနှင့် လက်တွေ့အသုံးချခြင်းတို့မှ သာလျှင် အဓိပ္ပာယ်ရှိလာမည်ဖြစ်သည်။ ထို့ကြောင့်ယနေ့မှစ၍ မိမိ၏အခွင့်အရေးများကို ရဲရဲဝံ့ဝံ့ ရယူခံစားကာ လူသားဂုဏ်သိက္ခာနှင့်အညီ အဓိပ္ပာယ်ပြည့်ဝသောဘဝကို တည်ဆောက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

**ဂျွန်းမီ**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

| | | |
|---|---|---|
| ဖေဖော်ဝါရီ ၂၈ | – | ကော်မရှင်မှ ရုပ်ရှင်နှင့်ဇာတ်သဘင်အနုပညာရှင်များသို့ မသန်စွမ်းမှု၊ မသန်စွမ်းသူများဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေး၊ |
| မတ် ၂ | – | ကော်မရှင်ရုံးမိသားစု၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းခြင်း၊ |
| မတ် ၃ | – | အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်၊ |
| မတ် ၆ | – | ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊ |
| မတ် ၆ | – | သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ သင်ခန်းစာသွားရောက်ပို့ချ၊ |
| မတ် ၁၂ | – | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ၊ |
| မတ် ၁၃ | – | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၌ သင်ခန်းစာသွားရောက်ပို့ချ၊ |
| မတ် ၁၇ | – | တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာသွားရောက်ပို့ချ၊ |
| မတ် ၁၇ | – | အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ)၌ သင်ခန်းစာ သွားရောက်ပို့ချ၊ |
| မတ် ၁၈ | – | တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ၊ |
| မတ် ၁၈ | – | တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း ခြေလျင်တပ်ခွဲမှူးသင်တန်းများသို့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ ပို့ချ၊ |
| မတ် ၁၈ | – | လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း (မရမ်းကုန်း) ၌ သင်ခန်းစာသွားရောက်ပို့ချ၊ |
| မတ် ၁၉ | – | ကော်မရှင်မှ မေတ္တာအေးရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ လှည်းကူးခရိုင်တရားရုံးအချုပ်ခန်း၊ လှည်းကူး မြို့နယ်တရားရုံးအချုပ်ခန်းနှင့် လှည်းကူးမြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း၊ |
| မတ် ၁၉ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဘုရားငါးဆူကုန်ထုတ်အကျဉ်းစခန်း၊ ရဲစခန်း အချုပ်ခန်းများနှင့် ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း၊ |
| မတ် ၂၀ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပဲခူးအချုပ်ထောင်နှင့် ပဲခူးမြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှု စစ်ဆေးခြင်း၊ |
| မတ် ၂၃ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဂုဏ်ပြုအခမ်းအနားကျင်းပခြင်း၊ |
| မတ် ၂၃ | – | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ၊ |
| မတ် ၂၄ | – | ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊ |
| မတ် ၂၆ | – | ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ဖြန့် ဝေရောင်းချပေးခြင်း၊ |
| မတ် ၂၇ | – | (၈၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ၊ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခြင်း၊ |
| မတ် ၃၀ | – | ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊ |
| မတ် ၃၁ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း။ |

********

# ENGLISH SECTION

Vol. 5, No. 4, April 2026

## Myanmar National Human Rights Commission Inspects Metta Aye yeik Myone Youth Development Charity Home, Hlegu District Court Lock-up, Hlegu Township Court Lock-up and Hlegu Myoma Police Lock-up

March 19

An inspection team led by U Kyaw Soe and Dr. Than Myint, commissioners of the Myanmar National Human Rights Commission conducted an inspection visit to Metta Aye yeik Myone Youth Development Charity Home, Hlegu Township, Yangon region on 19 March 2026, in accordance with the Section 43 and 44 of the Commission's Law. During the inspection, the team inspected the conditions of the children being cared for and educated at the Charity Home, the acceptance of children in line with the home's rules and regulations, provision of healthcare services, food and nutrition supplement, clean drinking water and water for domestic use, accommodation arrangements in dormitories, provision of academic education, vocational training, the accessibility of National Scrutiny Card, the arrangements for doing physical exercises and sport activities, the right to contact with their families, the right to family reintegration, and the right to practice religion in accordance with their faith.

Subsequently, the team visited the Hlegu District Court Lock-up, the Hlegu Township Court Lock-up, and the Hlegu Myoma Police Lock-up, and inspected the conditions of detainees during the remand period, whether any torture occurred while in custody, and whether there were opportunities to meet with their family members, as well as the arrangement for food, provision during the court appearance period, the disposal of sewage and overall cleanliness of the facilities, and access to legal assistance. The team conducted interviews with detainees and recorded their statements.

The findings and recommendations from the inspection team's visits will be sent to the relevant department in accordance with Commission's law for necessary action.

## MNHRC Delivers Lecture on Human Rights at Myanmar Army Combat Force School (Bahtoo)

March 18

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office addressed the lectures on human rights at the Battalion Commander Training Courses No. (132, 133), which commenced at the Myanmar Army Combat Force School (Bahtoo) on 18 March 2026 from 12:00 to 15:00 via Video Conferencing System. In this regard, the Commissioner focused the lecture on Concept of Human Rights, the Director covered lectures on the Universal Declaration of Human Rights, Nine Core Conventions and the Organization and Functions of Myanmar National Human Rights Commission. A total of 191 participants attended the courses mentioned above.

## MNHRC Delivers Lecture on Human Rights at the Company Commander Training Courses of Myanmar Army Combat Force School

March 18

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. Dr. Myint Thu Myaing, the Commissioner and Daw Mi Mi Khaing, the Deputy Director of the Commission office covered subjects such as lectures on human rights at the Company Commander Training Courses No. (115, 116) that a total of 200 participants attended, held at the Myanmar Army Combat Force School (Bayintnaung) from 07:40 to 10:40 and at the Company Commander Training Course No. (231) that a total of 94 participants attended, held at the Myanmar Army Combat Force School (Bahtoo) from 12:00 to 15:00, Ministry of Defence on 18 March 2026 via Video Conferencing System. In this context, the Commissioner focused the lecture on Concept of Human Rights, the Deputy Director addressed the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission.

## Myanmar National Human Rights Commission Inspected Bago Jail Centre and Bago Myoma Police Lock–up

March 20

On 20 March 2026, an inspection team headed by U Tin Aung, commissioner of the Myanmar National Human Rights Commission, carried out an inspection of the Bago Jail and the Bago Myoma Police Lock–up in Bago Township, Bago region. This inspection was conducted under Sections 43 and 44 of the Commission's Law.

At the Bago Jail, the team visited prisoners in their dormitories and inquired about matters affecting their fundamental rights. These included the adequacy of food supplies, access to healthcare services, the process for referrals to outside hospitals based on medical needs, the availability of sufficient purified drinking water and water for domestic use, arrangements for family visits, the receipt of items provided by the prison or sent by family members, and the provision of physical exercise and sports for health and fitness. The team also looked into the right to freedom of religion and faith, specifically the worship activities of 11 Muslim prisoners during Ramadan and the arrangements made for their meals. Additionally, they reviewed the provision of basic literacy education covering reading, writing, and arithmetic for illiterate prisoners and detainees, and inspected that any instances of human rights violations or torture by prison staff or fellow inmates. The team also spoke with 12 family members who had come to visit their incarcerated relatives, asking if they faced any challenges in meeting with them or delivering items. Furthermore, private and confidential interviews were conducted with 10 prisoners and detainees who had requested separate meetings, and their statements were recorded.

The team subsequently inspected various facilities, including the dormitories, the prison clinic, the library, the kitchen, the food warehouse, water purifiers, the cleanliness of the internal and external sewage systems, and the family visit area. They also observed prisoners during lunch and reviewed the status of implementation of recommendations made during their previous visit. Following this, the Commission donated 50 knowledgeable books for the prisoners to read

and study.

During the inspection of the Bago Myoma Police Lock–up, the team assessed the conditions of detainees during the remand period. They examined whether any torture had taken place while detainees were held there, whether opportunities for family visits existed, and the provision of food and nutritional supplements. The team also reviewed sewage disposal, overall cleanliness of the facilities, and the status of family visits and access to legal assistance during court appearances.

The findings and recommendations resulting from the inspection visits will be submitted to the relevant department for necessary action, in line with the Commission's law.

## Myanmar National Human Rights Commission Member, U Kyaw Myint Inspected Phayar Nga Su Labor Camp, Police Lock–ups and Home for the Aged

March 19

An inspection team led by commissioner of the Myanmar National Human Rights Commission, U Kyaw Myint conducted the inspection visits to Phayar Nga Su Labor Camp and Thazi Myoma Police Lock–up in Thazi Township, Mandalay Region on 18 March 2026, and Meiktila Myoma Police Lock–up, No. (2) Regional Police Lock–up and Meiktila Home for the Aged in Meiktila Township, Mandalay Region on 19 March 2026, in accordance with Sections 43 and 44 of the Commission's Law.

During the inspection at Phayar Nga Su Labor Camp, in accordance with the Commission Law and its procedures, the team met with prisoners in their dormitories and inquired into matters relating to their fundamental rights, including an adequate food supply, access to healthcare facilities, and provision of sufficient purified drinking water and water for domestic use, the situation of allowing family visits, the right to freedom of religion, the receipt of items issued by the prison and those sent by family members, the provision of physical exercise and sports activities for health and fitness, the status of workplace safety measures implemented and whether or not prisoners are made to put in extra working hours, and any instances of discrimination and any torture incidents in the workplace. In addition, the team inspected the prisoners' dormitories, prison clinic, library, kitchen, dining room, food warehouse, water purifier, water storage tank for domestic use and the cleanliness of toilets and the family visiting area, as well as followed up and checked the implementation of the previous recommendations made by the Commission. Afterwards, the Commission donated knowledgeable books for prisoners to read and study.

At Meiktila Home for the Aged, the inspection team met with elderly in their dormitories and examined the conditions of providing healthcare services, food and nutrition supplement, clean drinking water and water for domestic use, freedom of religion, and the hygiene and sanitary conditions of dormitories, bathrooms, toilets, and kitchens. The team also inquired the arrangements for recreation and relaxation, the accessibility of the National Scrutiny Card for the elderly, the accessibility of pension payments for eligible residents and the availability of social pension support for those aged 85 and above.

During the inspection at Thazi Myoma Police Lock–up, Meiktila Myoma Police Lock–up and No. (2) Regional Police Lock–up, the team inspected that whether the detainees were being held for more than 24 hours without an arrest warrant, the conditions of detainees during the remand period, whether the items confiscated from the detainees

are being stored in an orderly manner, whether any torture occurred during their stay in the lock–up, and whether there were opportunities to meet with family members, as well as the provision of food and healthcare, sanitation conditions in lock–up, and the status of meeting with family members and access to legal assistance during the court appearance period. The team also inspected the cleanliness, availability of lighting, and adequacy of ventilation in the lock–ups.

The findings and recommendations from the inspection team's visits will be sent to the relevant department in accordance with Commission's law for necessary action.

## MNHRC Delivers Lecture on Human Rights at Army Officer Training School (Hmawbi)

March 17

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. Dr. Khine Khine Win, the Deputy Director General of the Commission office covered subjects such as lectures on human rights at the Company Commander (Women) Training Course No. (2), hosted by the Army Officer Training School (Hmawbi) on 17 March 2026 from 12:00 to 15:00. In this regard, the Deputy Director General focused the lectures on Concept of Human Rights, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of (49) participants attended the course mentioned above.

## MNHRC Gives Lectures at the Myanmar Press Council (MPC)

March 13

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. U Zaw Lwin Htoo, Director and Daw Mi Mi Khaing, Deputy Director of the Commission Office presented the lectures on human rights at the News Media Training Course No. (6) held at the Myanmar Press Council (Yangon) on 13 March 2026 from 10:00 to 15:00. In this context, Director and Deputy Director covered lectures on the Human Rights Concept, Universal Declaration of Human Rights, Media and Human Rights, Organization and Functions of Myanmar National Human Rights Commission. The lecturer responded to inquiries from the trainees. A total of 41 trainees including 12 female trainees have been attended the aforementioned course.

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

March 23

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Zaw Lwin Htoo, Director of the Commission office covered the lectures on human rights at the Investigation Officer Training Course No. (86) and Investigation Officer Training (Special) Course No. (6), held at the Police Officer Tactical Training Institute (Mandalay) on 23 March 2026 from 7:30 to 9:50. In doing so, Director U Zaw Lwin Htoo presented the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Organization

and Functions of Myanmar National Human Rights Commission. Following the lectures, the lecturer accepted the questions from the trainees. A total of 206 officers including 50 female officers attended the aforementioned courses.

## MNHRC Gives Human Rights Lecture at Elderly Daycare Center (Mayangone)

March 6

The Myanmar National Human Rights Commission (MNHRC) is steadily working to effectively implement the promotion and protection of human rights as stipulated in Section 22 (a) of the Commission law. The Commission is implementing its activities aligned with the goals and objectives outlined in its framework of action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

U Kaung Khant Zin, Assistant Director of the Commission Office addressed lectures on human rights at the "Caregiver for Elders Course No. (19)" held at the Elderly Daycare Center (Mayangone) on 6 march 2026 from 09:00 to 16:00. In this regard, Assistant Director focused the lectures on the Human Rights Concept, Universal Declaration of Human Rights, Older Persons Rights, Organization and Functions of Myanmar National Human Rights Commission with the aim of raising awareness that caregivers of the elderly are not only responsible for the health of the elders, but also for their human dignity. The lecturer then responded to the trainee questions. A total of 10 trainees including 8 female trainees have been attended the aforementioned course.

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo) of Bureau of Special Investigation

March 12

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, U Kaung Khant Zin, Assistant Director of the Commission office covered the lectures on Human Rights Norms at the Assistant Investigator on the Job Training Course (No.10), which commenced at the Investigation Training School (Taungoo) of Bureau of Special Investigation on 12 March 2026 from 07:30 to 11:30. The lecturer responded to their inquiries during the interactive session. A total of 43 trainees including 7 female trainees attended the course mentioned above.

## MNHRC Gives Human Rights Lecture at Institute of Development Administration (Mingaladon)

March 17

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Kaung Khant Zin, Assistant Director of the Commission office covered the lectures on Human Rights at the Pre–Administration Deputy Staff Officer Grade (2) No. (1/ 2026), hosted by the Institute of Development Administration (Mingaladon) of General Administration Department on 17 March 2026 from 10:00 to 11:50. In this context, Assistant Director presented the lectures on Human Rights Concept, Universal Declaration of Human Rights

(UDHR) and the Organization and Functions of Myanmar National Human Rights Commission. Following the lectures, the lecturer accepted the questions from the trainees. A total of 110 trainees including 59 female trainees attended the aforementioned course.attended the course mentioned above.

## MNHRC Gives Human Rights Lecture at Social Welfare Training School (Mayangone)

March 18

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, U Kaung Khant Zin, Assistant Director of the Commission Office addressed the lectures on human rights at the “Caregiver for Elders Course” held at the Social Welfare Training School (Mayangone) on 18 march 2026 from 09:00 to 12:00. In this regard, Assistant Director focused the lectures on the Human Rights Concept, Universal Declaration of Human Rights, Older Persons Rights, Organization and Functions of Myanmar National Human Rights Commission with the aim of raising awareness that caregivers of the elderly are not only responsible for the health of the elders, but also for their human dignity. The lecturer was followed by the question and answer section. A total of 18 trainees including 12 female trainees have been attended the course mentioned above.

## Status of Handing Complaints

During March 2026, MNHRC received 52 Complaints. The complaint investigation team held 3 complaint screening meetings for examining the complaints and 5 complaint were referred to the departments concerned. In 5 cases, the complainants were advised on more appropriate remedies. The 22 cases were recorded in accordance with the MNHRC Law. 20 complaints remains in March.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁ – ၈၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ လမ်းထောင့်၊ ရွှေကြာပင် ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်း အနောက်ရပ်ကွက်၊ ချမ်းအေး သာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ် ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm